ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်



ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ

2018 ခုနှစ်

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ရောင်းဆုံမြို့နယ်ပြမြေပုံ....3

၂။ ရေတွင်းကုန်းကျေးရွာတည်နေရာပြမြေပုံ....4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း....5

၄။ ကျေးရွာအခြေခံအချက်အလက်များ....5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား....6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ....8

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.... 16

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း.... 17

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁).... 18

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂).... 21

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃).... 22

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄).... 24

၁၃။ အစည်းအဝေးမှတ်တမ်းများ.... 25


၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ.... 26

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ....Error! Bookmark not defined.

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ.... 26

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

၂။ ရေတွင်းကုန်းကျေးရွာတည်နေရာပြမြေပုံ



ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

ကျေးရွာအုပ်စုအမည်	ကျေးရွာအမည်
ခရိုက်ဒူးကျေးရွာအုပ်စု	ခရိုက်ဒူးကျေးရွာ
	ရေတွင်းကုန်းကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ရေတွင်းကုန်းကျေးရွာ

ကျေးရွာအုပ်စုအမည် - ခရိုက်ဒူးကျေးရွာအုပ်စု

လူဦးရေ - ကျား - ၄၇၄၊ မ - ၅၂၆၊ စုစုပေါင်း - ၁၀၀၀ ဦး

အိမ်ထောင်စု - ၂၁၇ စု

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး - မူကြို (၁)၊ မူလတန်း (၁)၊ အထက်တန်း (၁)

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း၊ စေတီ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာ၊ မွေးမြူရေး၊ ကျဘမ်း

အဓိက ပိုင်ဆိုင်မှု - လယ်၊ ဥယျာဉ်


၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၁	ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ၊ (Social Map, Resources Map)	12.10.2017	ကျေးရွာလူထု	28	7	103	- ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း - ၎င်းအခြေခံအဆောက်အဦးများ ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက် လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း)
၂	လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking)	12.10.2017	ကျေးရွာလူထု	28	7	103	- ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။ - ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အ တားများကို ရှာဖွေဖော်ထုတ် ခြင်း။ - အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ များကိုလေ့လာဖော်ထုတ်ခြင်း။
၃	ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar)	12.10.2017	ကျေးရွာလူထု	28	7	103	- ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။ - အစာရေစာရရှိနိုင်မှု၊ ကျန်းမာ ရေးပြဿနာများ၊ အိမ်ထောင်စု များအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။ - အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၄	အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram)	13.10.2017	ကျေးရွာလူထု	30	75	105	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။
၅	ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web)	13.10.2017	ကျေးရွာလူထု	30	75	105	- ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။
၆	ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning)	13.10.2017	ကျေးရွာလူထု	30	75	105	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။
၇	ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities)	13.10.2017	ကျေးရွာလူထု	30	75	105	- ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၆.၁ အရင်းအမြစ်ပြမြေပုံ



ခရိုက်ဒူးကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၂၁၇) စုရှိပြီး လူဦးရေစုစုပေါင်း (၁၀၀၀) ဦးနေထိုင်သည်။ မွန်လူမျိုးနှင့် ဗမာလူမျိုးများနေထိုင် ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ကျေးရွာ၏အဓိကစီးပွားရေးအဖြစ် လယ်ယာလုပ်ငန်းနှင့် မွေး မြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပြီး ကျဘမ်းလုပ်ငန်းလုပ်ကိုင်ကြသူများလည်း ရှိသည်။ အချို့မှာ ကိုယ်ပိုင်လယ်ယာမြေများ ပိုင်ဆိုင်ကြသော်လည်း အချို့တွင်မရှိကြပေ။ လယ်ယာ မြေပိုင်ဆိုင်မှုမရှိကြသူများသည် ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။ အချို့မှာပင်လယ်ကမ်းစပ် တွင် ကဏန်းထောင်ခြင်း၊ ပိုက်ထောင်ခြင်းဖြင့် အသက်မွေးကြပြီး အချို့မှာပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် ဘာသာရေးအဆောက်အဦအနေဖြင့် ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းရှိသည်။

ကျေးရွာအတွင်းယခုအချိန်တွင် ရွာအတွင်းအဓိကလမ်းမကြီးအား ကျေးလက်ဦးစီးရံပုံငွေဖြင့် ရေတွင်းကုန်းကျေးရွာအထိ ကတ္တရာခင်းပြီးဖြစ်သည်။ လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်စက်ဝန်းရံပုံငွေ ဖြင့်လည်း လျှပ်စစ်မီးကြိုးသွယ်တန်းထားပြီးဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)


ကျေးရွာ၏ ရွာဦးပိုင်းတွင် ဆုတောင်းပြည့်စေတီရှိပြီး၊ ရွာလယ်ပိုင်းတွင် အုပ်ချုပ်ရေးမှူးရုံး၊ ဘုန်းတော်ကြီးကျောင်းနှင့် စေတီအပြင် ရွာလယ်မှ တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်း၊ စေတီ၊ ဓမ္မာရုံနှင့် ရေကန်ရှိသည်။ ပုညကာရီလှာကျောင်းတည်ရှိပြီး၊ ရွာလယ်၏မြောက်ဘက်တွင် သောက်ရေကန် (၂) ကန်အပြင် ရွာ၏အနောက်မြောက်ဘက်တွင် ဝယ်စုခုနစ်ရပ်ကွက်သို့သွားရာ လမ်းဘေးတွင်လည်း သောက်ရေကန်များရှိသည်။

ခရိုက်ဒူးကျေးရွာ၏ အနောက်တောင်ဘက် ရေတွင်းကုန်းကျေးရွာနှစ်ရွာကြားတွင် အ.ထ.က ခွဲနှင့်မူကြိုကျောင်းရှိသသည်။ ၄င်း အ.ထ.က ခွဲသို့ ခရိုက်ဒူး၊ ရေတွင်းကုန်း၊ ဆယ်ပလာ၊ ခရိုက်နီးဟု စသည့်ကျေးရွာများမှ ကျောင်းသား/သူများ လာရောက်တက်ရောက်ကြသည်။ ရွာ၏ပတ်လည်တွင် လယ်ကွင်းများဖြင့် ဝိုင်းရံလျက်ရှိသည်။

ရွာအတွင်းလမ်းများမှာ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းနှင့် မြေနီလမ်းများဖြစ်ကြပြီး လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်လာပြီဖြစ်သော်လည်း ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် မြေသားလမ်းများရှိနေသေးသည်။ ထို့အပြင် ရေကန်များတူးဖော်ထားခြင်းရှိသော်လည်း နွေရာသီရောက်တိုင်းသောက်သုံးရေရှားပါးမှုများရှိနေသေးသည်ဟု သိရသည်။

အချုပ်အားဖြင့် ခရိုက်ဒူးကျေးရွာအနေဖြင့် အများပြည်သူများ အသုံးပြုကာအကျိုးခံစားခွင့်ရရှိနိုင်သည့် အခြေခံအဆောက်အဦများ အတော်အသင့်ပြည့်စုံနေပြီဖြစ်ပြီး လိုအပ်ချက်အနည်းငယ်သာ ရှိတော့သည်ကို တွေ့ရသည်။

၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချိတ်ဆက်မှုပြပန်ကားချပ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

ခရိုက်ဒူးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြဿနာသုံးသပ်ချက်

ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ကြောင်းသိရသည်။

၁။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့

၂။ ကျေးလက်ဦးစီးဌာန

၃။ လူထုဗဟိုပြုစီမံကိန်း

၄။ နာရေးကူညီမှုအသင်း

၅။ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့


၆။ အရံမီးသတ်

၇။ မိခင်နှင့်ကလေး

၈။ အမျိုးသမီးရေးရာအဖွဲ့ တို့ဖြစ်သည်။

ဖော်ပြပါအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ကိုင်နေကြသော်လည်း အချင်းအချင်းချိတ်ဆက်လုပ်ဆောင်မှုအားနည်းနေသည်ကို တွေ့ရသည်။ ၄င်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့်လည်း ရံပုံငွေမရှိခြင်း၊ တိကျသော တာဝန်၊ ဝတ္တရားများသတ်မှတ်ထားရှိမှုမရှိသေးခြင်းတို့အပြင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတိကျစွာချမှတ်ထားခြင်းများ မရှိသေးသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ထိရောက်မှုအားနည်းပြီး နှောင့်နှေးနေမှုများရှိနေသည်ကို သိရှိရပါသည်။

၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ပုဂ္ဂိုလ်ဓနအဆင့်သတ်မှတ်ခြင်း (ခရိုက်ဆုံး)

အဆင့်	စံသတ်မှတ်ချက်	အိမ်ထောင်စု
ဆွမ်းသာ	ပုဂ္ဂလိကအိမ်၊ကိုယ်ပိုင်အိမ် သွပ်မိုး၊လယ်စေးကပ်၊ဆိုင်ကယ်၊ကား၊စက်လှေ၊ကြိုး၊ဆန်စက်၊လယ်ယာစိုက်ပျိုးရေးစက်ကိရိယာ	၂၀ %
အသင့်တင့်	ပုဂ္ဂလိကအိမ်၊လယ်စေး(၅)စေး၊ဆိုင်ကယ်၊စက်ဘီး၊လယ်ယာစိုက်ပျိုးခြင်းနှင့်အခြားသီးနှံစိုက်ပျိုးခြင်း၊ခဲနှိုက်၊	၃၀ %
လက်လုပ်လက်စား	ဂါးအိမ်ခနှိုက်၊အိမ်မွေးကြက်၊ဘဲ အနည်းငယ်၊နွေစာ အလုပ်ကျဘမ်း။	၅၀ %

ခရိုက်ဒူးကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်


ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်ပြီး ကျဘမ်းလုပ်ငန်းကို လုပ်ကိုင်ကြသူများနှင့် အခြားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြသူများလည်း အနည်းငယ်ရှိသည်ဟုသိရသည်။

ကျေးရွာအတွင်းရှိ အိမ်ခြေစုစုပေါင်း၏ (၂၀%) ခန့်မှာ ချမ်းသာသည့်အိမ်ထောင်စုများဖြစ်ပြီး (၃၀%) ခန့်သော အိမ်ထောင်စုမှာ အသင့်တင့်ပြေလည်ကြသည်။ အိမ်ထောင်စု စုစုပေါင်း (၅၀%) ခန့်မှာ လက်လုပ်လက်စားများဖြစ်ပြီး နွမ်းပါးကြသည်။

ခြုံငုံသုံးသပ်ချက်အရ ကျေးရွာ၏သုံးပုံနှစ်ပုံခန့်မှာ နွမ်းပါးကြသည်ကိုတွေ့ရသည်။ ၄င်းကဲ့သို့ဖြစ် ရခြင်းမှာ လယ်ယာလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်း ပြုနေကြသော်လည်း လယ်ယာမြေ ပိုင်ဆိုင်ကြသူများနည်းပါးခြင်း၊ ခေတ်မှီစိုက်ပျိုးရေးနည်းစနစ်များ၊ စိုက်ပျိုးရေးစက်ကိရိယာများ အသုံး မပြုနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်း၊ ပညာတတ်မြောက်မှုနည်းပါးခြင်း၊ အသက် မွေးဝမ်းကြောင်းမှု အတတ်ပညာများတတ်မြောက်မှုနည်းပါးခြင်းနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု နှောင့်နှေးနေသေးခြင်း တို့ကြောင့်ဖြစ်ကြောင်း သိရပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



ခရိုက်ဒူးကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

ရေတွင်းကုန်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြုကာလုပ်ကိုင်နေကြသောကြောင့်ဖြစ်သည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

၄င်းကဏ္ဍတွင် အမျိုးသား/သမီးခွဲခြားထားမှုမရှိဘဲ
ရှာဖွေစုဆောင်းရာမှရရှိလာသည့်ဥစ္စာပစ္စည်း များအား
အတူတကွပိုင်ဆိုင်ပြီးထိန်းချုပ်သုံးစွဲမှုများရှိသည်။

အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ အခွင့်အရေးများ ကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင်သာ အချိန်ပြည့်နီးပါး လုပ်ကိုင်နေရခြင်း၊ ရှိနှင့်နေပြီးသော အခွင့်အလမ်းများမှာလည်း များသောအားဖြင့် အမျိုးသားများကို သာအားထားနေခြင်းအပြင် လုပ်ခလစာရရှိမှုတွင်လည်း အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းတို့ကြောင့် အမျိုးသားများမှာ အမျိုးသမီးများထက်ပိုမို၍ အလုပ်အကိုင်အခွင့်လမ်း ရရှိနေကြ သည်ဟု သုံးသပ်ရပါသည်။

ဝင်ငွေရရှိမှု

ဝင်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိနေသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက်ပိုမိုနေသော ကြောင့် ဝင်ငွေရရှိမှုအပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက်ပိုမိုသည်။ လုပ်အား အတွက် အချိန်ပေးမှုမှာ အမျိုးသားများနှင့် အမျိုးသမီးများတန်းတူဖြစ်သော်လည်း လုပ်ငန်းအားလုံး နီးပါးတွင် လုပ်ခလစာပေးချေမှုမှာ အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းကြောင့် လည်း ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသားများက ပိုသည်ကိုတွေ့ရသည်။

လုံခြုံမှု

ဘဝလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားများမှပိုမိုမြင့်မားသည်ကို တွေ့ရသည်။ လေ့လာသုံးသပ်ချက်အရ အမျိုးသမီးများ ဘဝလုံခြုံမှုအပိုင်းတွင် နိမ့်ကျနေခြင်းမှာ ပတ်ဝန်းကျင် ပယောဂများကြောင့်မဟုတ်ဘဲ ၄င်းတို့၏စိတ်ပိုင်းဆိုင်ရာကြောင့်သာ လုံခြုံမှုနည်းသည်ဟု ခံစားရခြင်း ဖြစ်ကြောင်းသိရှိရသည်။

ဦးဆောင်မှု

ဦးဆောင်မှုအပိုင်းတွင်လည်း အမျိုးသားများမှာ အမျိုးသမီးများထက် မြင့်မားနေသည်ကိုတွေ့ရ သည်။ အကြောင်းမှာ အစဉ်အဆက်ကတည်းက အမျိုးသားများအား အိမ်ထောင်ဦးစီးများအဖြစ် သတ်မှတ်ထားခြင်းခံရပြီး အိမ်၏အရေးအရာများအား ဦးဆောင်ကာ ဆုံးဖြတ်နေကြခြင်းနှင့် အမျိုးသမီး အများစုမှာ အိမ်အတွင်းတွင်သာအနေများခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။


ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်တွင် အမျိုးသမီးများမှ အမျိုးသားများထက် သာလွန်သည်။ အကြောင်းမှာ စားဝတ်နေရေးအခက်အခဲ၊ စီးပွားရေးအခက်အခဲများကြောင့် အမျိုးသားများမှာ အရွယ်မတိုင်ခင် ကျောင်းထွက်ရပြီး စီးပွားရေးအတွက် လုပ်ငန်းခွင်ဝင်နေကြရခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

ရပ်ရွာအရေးကိစ္စများတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်

ဂင်းကဏ္ဍတွင် အမျိုးသားများမှ ဦးဆောင်မှုနှင့်ထိန်းချုပ်ထားမှုမှာ အမျိုးသမီးများထက်သာလွန်သည်ကိုတွေ့ရသည်။ အကြောင်းမှာ အမျိုးသားအများစုအား အိမ်ထောင်ဦးစီးများအဖြစ် သတ်မှတ် ထားခြင်း၊ အချို့သောအမျိုးသမီးအများစုမှာ အမျိုးသားအပေါ်တွင်သာမှီခိုအားထားပြုနေကြခင်း တို့ကြောင့် ဂင်းကဏ္ဍတို့တွင် အမျိုးသားများမှသာလွန်နေကြောင်း သိရပါသည်။

၆.၅ ရာသီခွင်ပြဇယား



ခရိုက်ဒူးကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်


ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ၏ ရာသီဥတုအခြေအနေမှာ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် အလွန်ပူပြင်းပြီး နယုန်၊ ဝေါသလင်း၊ သီတင်းကျွတ်လများတွင် မိုး

အနည်းငယ်ရှာသွန်းမှုများရှိသဖြင့် ပူအိုက်စွတ်စိုသောရာသီဥတုမျိုးဖြစ်သည်။ ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်ထန်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်တတ်သည်။ တန်ဆောင်မုန်း၊ နတ်တော်နှင့် ပြာသိုလများတွင်ဆီးနှင်းများ အနည်းငယ်ကျပြီး ချမ်းအေးသည်။

ခရိုက်ဒူးကျေးရွာသည် လယ်ယာလုပ်ငန်းကိုအဓိကလုပ်ကိုင် အသက်မွေးဝမ်းကြောင်းမှု ပြုကြပြီးကျေးရွာအတွင်းရှိ အိမ်ထောင်စုအားလုံးနီးပါးသည် ကဆုန်၊ နယုန်လများတွင်ထွန်ယက်စိုက်ပျိုးကြသည်။ ရာသီဥတုဖောက်ပြန်ပြီး ရေကြီးမှုများဖြစ်ပေါ်တတ်သည့်နှစ်များတွင် အသီးအနှံများပျက်စီးသဖြင့် ၄င်းနှစ်များတွင် စီးပွားရေးကျပ်တည်းပြီး စားဝတ်နေရေးခက်ခဲသည်။ စပါးစိုက်ပျိုးသည့်ရာသီမှလွဲ၍ ကျန်သည့်လများတွင် ကျဘမ်းလုပ်ငန်းများဖြင့်သာ ဝမ်းကြောင်းကျရကြောင်းသိရသည်။ ကျေးရွာ အနေဖြင့် စပါးပေါ်သောကာလတွင်သာ ဝင်ငွေများပြီး ကျန်သောလများတွင်ဝင်ငွေအခက်အခဲရှိသည်။ ပြာသိုလ၊ တပို့တွဲလများနှင့် တန်ခူးလတို့တွင် ကျေးရွာဓလေ့ပွဲတော်များ နှစ်စဉ်ကျင်းပလေ့ရှိသည်။ ကဆုန်လ၊ နယုန်လနှင့်တပို့တွဲလများတွင် ရာသီဥတုအပြောင်းအလဲကြောင့် ဖျားနာမှုများဖြစ်ပွားသည်။

စပါးစိုက်ပျိုးသည့် ကဆုန်၊ နယုန်လများနှင့် ကျေးရွာဓလေ့ပွဲတော်များပုံမှန်ကျင်းပပြုလုပ်လေ့ရှိသည့် ပြာသို၊ တပို့တွဲလနှင့် တန်ခူးလတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်မည်ဆိုပါက ကျေးရွာလူထုများ မအားလပ်သဖြင့် လူထုပူးပေါင်းပါဝင်မှု အပြည့်အဝရနိုင်မည်မဟုတ်ပေ။

၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



ခရိုက်ဒူးကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

ခရိုက်ဒူးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော အခြေခံအဆောက်အဦး အများအပြားလိုအပ်ချက်ရှိနေသေးသည်ကိုတွေ့ရသည်။ ရပ်ရွာအရေးတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင် ခွင့်နှင့် အရင်းအမြစ်များကို ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသားများမှ ပိုမိုဦးဆောင်နေသည်ကိုတွေ့ရ သော်လည်း ရှိရင်းစွဲအခြေခံအဆောက်အဦးများ၊ အရင်းအမြစ်များ သုံးစွဲမှုတွင်မူ အမျိုးသား/အမျိုးသမီး များတန်းတူသုံးစွဲမှုများရှိနေသည်ကို တွေ့ရပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)



၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	စီ/ထောက်ကော်မတီ	ရာထူး	အမည်	မှတ်ချက်
၁	စီ/ထောက်ကော်မတီ	ဥက္ကဋ္ဌ	ဦးကျော်သိန်း	
			ဒေါ်သိဂီရွှေ	
၂	ဝယ်ယူရေးဆပ်ကော်မတီ	အဖွဲ့ခေါင်းဆောင်	ဦးကြိုင်	
		အဖွဲ့ဝင်	ဒေါ်ခင်မာချို	
		အဖွဲ့ဝင်	ဦးသန်းဦး	
၃	လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ	အဖွဲ့ခေါင်းဆောင်	ဦးမျိုးကြည်	
		အဖွဲ့ဝင်	ဒေါ်တင်နွယ်ဦး	

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

		အဖွဲ့ဝင်	ဦးရွှေဟန်	
၄	စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ	အဖွဲ့ခေါင်းဆောင်	ဒေါ်မြင့်ခိုင်	
		အဖွဲ့ဝင်	ဦးကျော်လှ	
		အဖွဲ့ဝင်	ဦးတိုးရီ	
၅	ဝေဖန်အကြံပြုတိုင်ကြားရေး	ကိုယ်စားလှယ်	ဦးတင်မောင်	
		ကိုယ်စားလှယ်	ဒေါ်အိဖြူး (၂)	
၆	ကျေးရွာငွေစာရင်းကိုင်	စာရင်းကိုင်	ဦးလှကြည်	
၇	စေတနာ့ဝန်ထမ်း		ဦးထွန်းနိုင်	
	စေတနာ့ဝန်ထမ်း		ဒေါ်သီတာမြင့်	

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုံ့စည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စိမ်ကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စိမ်ကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

ကျေးရွာခေါင်းဆောင် အမည်	ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်	လူထုစည်းရုံးရေးမှူး၏ အမည်
ဦး သောစိုးလွင်	၀၆ . ၇၅၅၇၅၈၇၂၄	ဦး ဝင်းမိုးသန်

ပြည်နယ်/တိုင်းဒေသကြီး	ခြံ့နယ်	ကျေးရွာအုပ်စု	ကျေးရွာ
မွန်	ဒဂုံအရှေ့	ခရိုက်ဒူး	ခရိုက်ဒူး

က။ လူဦးရေ

လူမျိုးစု	အိမ်ထောင်စုအရေအတွက်	ကိုးကွယ်သည့်ဘာသာ	အိမ်ထောင်စုအရေအတွက်
လူမျိုးစု (၁) ---မွန်---	183	ဘာသာ (၁) ---ဗုဒ္ဓ---	217
လူမျိုးစု (၂) ---ကရင်---	34	ဘာသာ (၂) ---ဗုဒ္ဓ---	
လူမျိုးစု (၃) ----------		ဘာသာ (၃) ----------	
လူမျိုးစုရော ----------		ဘာသာရော ----------	

	အရေအတွက်		
မသန်စွမ်းသူများ	၄		
သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်)	78		
စစ်ဘေးရှောင်			

	အမျိုးသား (အရေအတွက်)	အမျိုးသမီး (အရေအတွက်)
လူဦးရေ	၄၇၄	၅၂၆
လူမျိုးစု (၁)---မွန်---	397	၄၂၇
လူမျိုးစု (၂)----------	77	၉၅
လူမျိုးစု (၃)----------		
အခြား		
အိမ်ထောင်စဦးစီး	၁၉၀	၂၇

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

စာသင်ကျောင်း	အမှတ်ခြစ်ပါ	ကျန်းမာရေး	အမှတ်ခြစ်ပါ	ဘာသာရေး အဆောက်အအုံများ	အမှတ်ခြစ်ပါ
အထက်တန်းကျောင်း	☑	ဆေးရုံ	☐	စေတီ	☑
အလယ်တန်းကျောင်း	☐	ကျန်းမာရေးဌာန	☑	ဘုန်းကြီးကျောင်း	☑
မူလတန်းကျောင်း	☑	ကျန်းမာရေးဌာနခွဲ	☐	ဟိန္ဒူဘုရားကျောင်း	☐
မူကြိုကျောင်း	☑	ဆေးပေးခန်း	☐	ခရစ်ယာန်ကျောင်း	☐
အခြား	☑	အခြား	☐	ဗလီ	☐
				အခြား	☐
မှတ်ချက်		မှတ်ချက်		မှတ်ချက်	

(၈) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

(၁) စာသင်ကျောင်း			(၂) ကျန်းမာရေး			(၃) လက်မှုပညာရှင်		
	ရွာတွင်နေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ
မူလတန်းပြဆရာ/မ	☑	☑	ဆရာဝန်	☐	☐	လက်သမား	☑	☑
အထက်တန်းပြဆရာ/မ	☐	☑	လက်ထောက်ကျန်းမာရေးမှူး	☐	☐	ပန်းရံ	☑	☑
ဆရာ/မ	☑	☑	ကျန်းမာရေးဆရာမ	☐	☑	မီးသမား		☐
မူကြိုဆရာ/မ	☑	☐	သားဖွားဆရာမ	☑	☐	ရေပိုက်သွယ်သူ	☐	☐
အခြား	☐	☐	ပြည်သူ့ကျန်းမာရေးလုပ်သား	☑	☐	စက်ပြင်ဆရာ	☐	☐
မှတ်ချက်			မှတ်ချက်			မှတ်ချက်		

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား _____

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ


(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၅/မသိပါ


(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)



၁၇။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)




ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

စီမံကိန်းဆောင်ရွက်မှုအဆင့်များ	နေ့စွဲ		အစည်းအဝေးတွင်ဆောင်ရွက်သုံးသပ်ရေးအတွက်			
	စတင်သည့်နေ့	ပြီးဆုံးသည့်နေ့	အမျိုးသား အရေအတွက်	အမျိုးသမီး အရေအတွက်	စီမံထောင်စု အရေအတွက်	လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည်
စီမံကိန်း မိတ်ဆက်အစည်းအဝေး	12.10.2017	12.10.2017	28	75	103	ဒေါ်ဝေး 20 60 | ဒေါ်ဖြူ 8 15
ကွင်းပေါ် စီမံချက်ရေးဆွဲခြင်း	13.10.2017	13.10.2017	30	75	105	ဒေါ်ဝေး 25 65 | ဒေါ်ဖြူ 5 10
လုပ်ငန်းဆိုးကျိုးချက်ချသည့်	16.10.2017	16.10.2017	13	19	82	ဒေါ်ဝေး 10 16 | ဒေါ်ဖြူ 3 3
စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးတို့၏ စီမံကိန်း သုံးသပ်မှု			မလို	မလို	မလို	မလို

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - ၀ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်- အဆင့်(၃) ကျေးရွာမျော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာပိမ်ကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းဝေးပွဲအဖွဲ့များအကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းဝေးပွဲ/ဝန်ထမ်း အမည် ဦး ဝစိ ဆိုလ်

နေ့စွဲ 13.10.2017

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃)

ပြည်နယ်/တိုင်း	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ
မွန်	ခွောဝ်ဆဲ	ခရိုက်ဒူး	ခရိုက်ဒူး

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

	အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ		အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ
၁	သောက်သုံးရေ စနစ်မလုံလောက်ခြင်း	၁	ကျေးရွာလမ်းများ ပြုပြင်ခြင်းမရှိခြင်း
၂	ကျေးရွာလမ်းများ ပြုပြင်ခြင်းမရှိခြင်း	၂	သောက်သုံးရေ စနစ်မလုံလောက်ခြင်း
၃	သေးငယ်ရင်းနှီးငွေ ကြွေးများရှင်းရန်	၃	တောင်ယာမြေကို ဆွဲသောစောင်းပေါ်
၄	ကျေးရွာခန့်မှ ဆွဲငှါးခြင်း	၄	စားသောက်ရေး ဆွဲငှါးခြင်း
၅	တောင်ယာမြေကို ဆွဲငှါးခြင်း	၅	ကျေးရွာခန့်မှ ဆွဲငှါးခြင်း

ခ။ မျော်မှန်းခြင်း - နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျော်မှန်းလျှာထားချက်များအား တင်ပြပါ။

	အမျိုးသားအဖွဲ့ တင်ပြသောမျော်မှန်းချက်များ		အမျိုးသမီးအဖွဲ့ တင်ပြသောမျော်မှန်းချက်များ
၁	ကျေးရွာလမ်းများ ပြုပြင်သွားပေးရန် သော့ဖွင့်သော ကျေးရွာဖြစ်ရေးမည်.	၁	ကျေးရွာလမ်းများ ပြုပြင်ခြင်း ဖြစ်သော ကျေးရွာဖြစ်ရေးမည်.
၂	လမ်းမရှိ သောက်သွေးမှ ရေးကောင်း ဖြစ်သော ကျေးရွာဖြစ်ရေးမည်.	၂	ကျေးရွာလမ်းများ ပြုပြင်သွားပေးရန် ဝေး ဖြစ်သော ကျေးရွာဖြစ်ရေးမည်.
၃	စားသောက်ရေး ဝေးမှ ရေသောက်ဝေး ဖြစ် သော ကျေးရွာ ဖြစ်ရေးမည်.	၃	ကျေးရွာခန့်မှ ဝေးမှ ရေသောက်ဝေး ဖြစ် ကျေးရွာဖြစ်ရေးမည်.
၄	ကျေးရွာခန့်မှ ဝေးမှ ရေသောက်ဝေး ဖြစ် သော ကျေးရွာဖြစ်ရေးမည်.	၄	စားသောက်ရေး ဝေးမှ ရေသောက်ဝေး ဖြစ် သော ကျေးရွာဖြစ်ရေးမည်.
၅	တောင်ယာမြေကို ဝေးမှ ရေသောက်ဝေး ဖြစ် သော ကျေးရွာဖြစ်ရေးမည်.	၅	တောင်ယာမြေကို ဝေးမှ ရေသောက်ဝေး ဖြစ် သော ကျေးရွာဖြစ်ရေးမည်.

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

၈။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးပေးသော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	ခန့်မှန်းကုန်ကျ စရိတ်	အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက်
၁	ကုန်းကွက် ၂၆ - ၄၁ ကွင်း ကျွန်းလမ်း ခင်း ခြင်း		8700000	
၂	ဝေယာဉ်ဆွဲနွှဲ ကုန်းကွက်ဆောက်လုပ်ရေး ကုန် စည်ခြင်းများ သောက် ခြင်း		5000000	
၃	ကျေးရွာ ကတ်ပြား ရေကြိုလမ်းသွယ်ဝါန်း ဖြင်း		10000000	
၄	ကုန်းကွက် ၂၁ ကွင် ကျွန်းလမ်း ခင်း ခြင်း		5000000	
၅	ကျေးရွာ ခန်းမ ဝါးမြစ် သောက် ဖြင်း		10000000	


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးမဖင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	အခန်းကဏ္ဍ
	စက်ချုပ်သင်တန်း	မ	
၂	ယာဉ်၊ လှေသင်တန်း	ကျား	
၃	မုန့်လုပ်သင်တန်း	မ	
၄	သို့မွေး၊ ကဝိုး၊ ပဂိုးဝိုး သင်တန်း	မ	
၅	မြို့ပိုင်ရာ သင်တန်း	မ	

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ----------- လက်မှတ် ----------- နေ့စွဲ 13.10.2017

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးဆုံးကာတွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး၊ အဆိုပါပုံစံအား ပြည်နယ်/အောင်ပြည်သွင်းရမည်။ ဤပုံစံအား ပြည်နယ်ရုံးတွင်သွင်းပြီးပါက ကျေးရွာအုပ်စုဖွဲ့ပြီးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာဧည်းရုံးရေးမှူး/ပန်းထမ်းအမည် ခြီ.ဝစ်.ဆိုးဒ

နေ့စွဲ 16-10-2017 စက်ပန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ပန်း(၀) □စက်ပန်း(၂) □စက်ပန်း(၃) □စက်ပန်း(၄)


ပြည်နယ်/တိုင်း ချင်း ခြို့နယ် ရေးဆ်.သဲ ကျေးရွာအုပ်စု ဘွိုင်ဒူး

ကျေးရွာအမည်	ဆောင်ရွက်မည့် လုပ်ငန်းများ	အတိုင်းအတာ	ခန့်မှန်း တိုက်ရိုက် အကျိုးစံစားခွင့် ရှိသူများ	အဆိုပြု တင်ပြသူ	ခန့်မှန်းကုန်ကျစရိတ်			
					စီမံကိန်းမှ ထည့်ဝင်မှု	ကျေးရွာမှ ထည့်ဝင်မှု	အခြားထည့်ဝင်မှု (ဖေါ်ပြပါ) အမည်/အဖွဲ့	စုစုပေါင်း
ခရိုက်ရွာ	ဂူဘွက် (၃-၄) ကွန် ကာရိုလမ်းခင်းခြင်း	700' x 10' x 0'x6"		□ကျား □မ □ကျား+မ	8700000	-	- -	8700000
ရွေဝွန်းကုန်း	ဂူဘွက် (၆-၇) ကွန် ကာရံလမ်းခင်းခြင်း	750' x 8' x 0'x6"		□ကျား □မ □ကျား+မ	8000000			8000000
ခရိုက်ဆုပ်	သောက်သုံးရေတွင်း ဖွင့်ခြင်း ဝန်ဆောင်သောသူ ခြောက်	280' x 6"		□ကျား □မ □ကျား+မ	5000000			5000000
				□ကျား □မ □ကျား+မ				
				□ကျား □မ □ကျား+မ				

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ခြီ.ကျော်သိန်း လက်မှတ် ရက်စွဲ 16.10.2017

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

၁၃။ အစည်းအဝေးမှတ်တမ်းများ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ခရိုက်ဒူးကျေးရွာအုပ်စု၊ ခရိုက်ဒူးကျေးရွာ)

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

စဉ်	အဆိုပြုသူ	အခက်အခဲ၊ အတားအဆီးများ
၁	ကျား/မ	သောက်သုံးရေသယ်ယူရန်အလှမ်းဝေးခြင်းနှင့် နွေရာသီတွင် သောက်သုံးရေ ရှားပါးခြင်း

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

	အ ဆင့်	လုပ်ငန်းအမည်	အဆို ပြုသူ	ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု	ပြင်ပမှမည်သူ ထောက်ပံ့မလဲ
အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ	၁	စက်ချုပ်သင်တန်း	မ		
	၂	ပန်းရံ/လက်သမားသင်တန်း	ကျား		
	၃	မုန့်လုပ်နည်းသင်တန်း	မ		
	၄	သိုးမွေး/ ဇာထိုး/ ပန်းထိုးသင်တန်း	မ		
	၅	ဒီဇိုင်နာသင်တန်း	မ		

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး

မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။